

# လက်ငင်းဒိဋ္ဌချမ်းသာရ

[illegible]

စီးပွားဥစ္စာ ဆုတ်ယုတ်သောအခါ၊ အထက်လူကြီး ငြိုငြင်သောအခါ၊ ဂြိုဟ်စီးဒသာ ညံ့ဖျင်းသောအခါ၊ တစ်စုံတစ်ရာ ကိုယ်စိတ်ပင်ပန်းဆင်းရဲသောအခါ၊ ဆိတ်ငြိမ်သောအရပ်သို့ သွားရောက်ပြီးလျှင် သီလခံယူ၍ အမျှမေတ္တာပေးဝေပြီးသော် ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် နီမြန်းသော သင်္ကန်းတော်ကို ဝတ်ရုံလျက် မြအဆင်းနှင့်တူသည့် ပလ္လင်တော်ဝယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော သရီရ ဂုဏ်တော်ကို စင်အောင်နှ လုံးသွင်းရမည်။

ထို့နောက် မဖေါက်မပြန်မှန်သောတရားတော်များကို ကိုယ်တော်တိုင် သိတော်မူသော ဂုဏဂုဏ်တော်များကို အောက်မေ့ဖွယ် ဆင်ခြင်ပြီးလျှင်၊ အောက်ပါ ပါဠိတော်ကို ရွတ်ပါလေ။

ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ။
ဝိပါကော ဟောတိ အစိန္တိယော။

ဗုဒ္ဓဂုဏာ၊ ကြီးမားများစွာသော မြတ်စွာဘုရား၊ ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ အစိန္တိယေ၊ မကြံစည်နိုင်သော ပါရမီတော်၊ မြတ်ဘုန်းတော်၊ တန်ခိုးတော်၊ ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော ဘုရား၌ ပသန္နာနံ၊ ယုံကြည်နိုင်ကြကုန်သော သူတို့အား၊ အစိန္တိယော၊ မကြံစည်နိုင်သော၊ ဝိပါကော အကျိုးသည်၊ ဟောတု ဖြစ်ပါပေ၏။

ဤကဲ့သို့ မြတ်စွာဘုရား၏ ဂုဏ်တော်များကို အောက်မေ့ရွတ်ဆိုနေရမည်။ အတော်ကြာ၍ သမာဓိတိုးပွား ဘုရားကိုယ်တော်မြတ်ကြီးကို မြင်လျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက . . .

"ချစ်သား သင်သည် ငါဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အောက်မေ့ဆင်ခြင်၏။ ထို့ကြောင့် သင်၌ ထူးမြတ်သော အကျိုးများကို မုချမသွေ တွေ့ကြုံရရှိခံစားရလတ္တံ့" ဟု မိမိအား ဗျာဒိတ်စကား ပြောကြားတော်မူသည်ဟု နှလုံးသွင်းလျက် အောက်ပါ ဂါထာကို ဆက်၍ ရွတ်ဆို ပူဇော်ရမည်။

ယေ ဘိက္ခဝေ၊ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ယန္နာ။
အဂ္ဂေ ခေါ ပသန္နာနံ၊ အဂ္ဂေါ ဝိပါကော ဟောတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ အကြင်သူတို့သည် ဗုဒ္ဓေ၊ ငါဘုရား၌



ပသန္နာ၊ ကြည်ညိုကုန်၏။ တေ ထိုသူတို့သည် အဂ္ဂေ အထွတ်အမြတ်ဆုံး၌ ပသန္နာနံ၊ ကြည်ညိုသော သင်တို့အား၊ ခေါ၊ စင်စစ်မလွဲ၊ အဂ္ဂေါ၊ ထွတ်မြတ်သော၊ ဝိပါကော၊ အကျိုးသည်၊ ဟောတိ ဖြစ်လတ္တံ့" ဟူ၍ အမိပ္ပါယ်တော် စင်လေ၏။

အထက်ပါ ဂါထာ ၂ ပုဒ်ကို အချိန်ရသလောက် ခုနှစ်ရက်ဖြစ်စေ၊ ထို့ထက် ကျော်၍ဖြစ်စေ၊ တစ်သက်ပတ်လုံးဖြစ်စေ၊ အားထုတ်ပြုလုပ်၍ ယုံကြည်စွဲလမ်းရမည်။ ယုံကြည်မှုသည် လွန်စွာ အရေးကြီးလေသည်။

စီးပွားကို လိုသောအခါ ဖြစ်စေ၊ ရာထူး လိုသောအခါဖြစ်စေ၊ လူနတ်တို့၏ လေးမြတ် ချစ်ခင်ခြင်း လိုသောအခါဖြစ်စေ၊ မိမိတို့ အလိုရှိရာ အပြီးသတ်မှာ ဆုတောင်းရသည်။ ဒိဋ္ဌလက်တွေ့ဖြစ်၏။ ကိုယ့်စိတ်နှစ်ဖြာ လျှင်မြန်စွာ ရွှင်လန်းကြည်လင်၏။ ဘေးရန် ကင်း၏။ သမ္မာဒေဝ နတ်များ စောင့်ရှောက်၏။ လူမှန်သမျှ ချစ်ခင်၏။ ယုံကြည်ကိုးစားပါ။

ဗားမဲ့ဝိဇ္ဇာကျမ်း၊ ဒုတိယတွဲမှ ကူးယူဖော်ပြလိုက်၏။ ဗားမဲ့ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်စစ်ယတြာ ပြုလုပ်နည်း ဖြစ်လေသည်။ ရှင်း၏။ တို၏။ လွယ်၏။ ယုံကြည်စွာ ရွတ်ဆိုပူဇော်ကြပါကုန်။